

(၁)

လပြာသို၏ အလွန်အေးစိမ့်သော ညတစ်ည...

မြူနှင်းတို့သည် မြတ်သုခခြံကြီးကို ရစ်သိုင်းလွှမ်းခြုံ၍ နေ၏။

အေးစိမ့်သော လေများကလည်း အရာခပ်သိမ်းတို့ကို တိုးဝှေ့တိုက်ခတ်၍နေသည်။

ထိုညသည် လပြည့်ည မှန်သော်လည်း လမင်းကြီးသည် ယင်းမြူနှင်းတို့ ရစ်သိုင်း လွှမ်းခြုံနေသဖြင့် ပြည့်ပြည် ဝဝရွှန်းရွှန်းပပ မလင်းနိုင်ရှာဘဲ မှုန်မှုန်ပျပျသာ လင်းနေရှာပါ၏။

သည်အခါသမယတွင် တစ်ယောက်တည်းသော သူသည် မြတ်သုခရိပ်မြုံကြီး၏ လသာဆောင်တွင် မတုန်မလှုပ် ကျောက်ဆစ်ရုပ် တစ်ရုပ်ကဲ့သို့ ရပ်နေပါ၏။

ရေခဲသမျှ အေးစိမ့်သော လေသည် သူ့တစ်ကိုယ်လုံးကို တိုးဝှေ့တိုက်ခတ် နေသော်လည်း သူသည် ခံစားချက်မရှိသူတစ်ဦးကဲ့သို့ ရှိနေ၏။

သူသည် အရာခပ်သိမ်းကို မေ့ထားနိုင်ဖို့ ကြိုးစားနေခြင်း ဖြစ်ပါ၏။

တကယ်တော့ အခိပ္ပာယ်မဲ့သော အလုပ်ကို သူအချည်းနှီးလုပ်နေမိခြင်းသာ။

မေ့လိုသော်လည်း မေ့မရ...

မတွေးလိုသော်လည်း တွေးမိ၍...

မဖြစ်ချင်တာတွေ ဖြစ်နေရပါသော လူ့လောက သဘာဝကို အဘယ်မှာလျှင် သူ ဆန့်ကျင်တိုက်ဖျက်နိုင်ပါမည်နည်း။

"ဆုပြည့် အလိုလေး ချမ်းချမ်းစီးစီး ထဲမှာ ဘာလာလုပ်နေတာလဲ တယ်လဲခက်တဲ့ ကလေးမပဲ"

သူ့နောက်ကျောဘက်မှ မြည်တွန်တောက်တီးပြုလာသူကို ဆုပြည့်ဦး အသာစောင်းငဲ့၍ ကြည့် လိုက်သည်။

ဦးခေါင်းပေါ်တွင် သားမွေးဦးထုပ်...

ခြေတွင် သားမွေးခြေစွပ်...

ကိုယ်ပေါ်တွင် အနွေးထည်အပေါ်တွင် ငွမ်းစောင်ကြီး ထပ်ခြုံ၍ သူ့ကို နားမလည်နိုင်ဟန်ဖြင့် ကြည့်နေ သော သူ့အိမ်ဖော်ကြီး ဒေါ်ဒေါ်တုတ်ကို ဆုပြည့်ဦး တွေ့ရှိရသည်။

"ဒေါ်ဒေါ်တုတ် ဆုပြည့်ကို စောင့်မနေနဲ့ သွားအိပ်ချည်တော့"

"ဆုပြည့်ကို ဖုန်းလာနေလို့ လာခေါ်တာ"

"ကိုကျော်ဇေယျာ့ဆီက မဟုတ်လား"

အသေအချာ သိနေဟန်ဖြင့် ဆုပြည့်ဦးက မေးလိုက်သည်။

"ဟုတ်တယ်"

"သူ့ကို ပြောလိုက်ပါ ဆုပြည့် အိပ်မောကျနေလို့ မနိုးသေးဘူး၊ အရေးမကြီးရင် မနက်မှပဲ ပြန်ဆက်ပါလို့"

ဆုပြည့်ဦး၏ စကားဆုံးခန်းတိုင် သွားသည့်တိုင် သူ့ကို ဒေါ်ဒေါ်တုတ်က မျက်မှောင်ကုတ်၍ ကြည်နေ ဆဲဖြစ်သည်။

“အို… မြန်မြန် သွားပြောလေ၊ ဟိုမှာ စောင့်နေတဲ့ဥစ္စာ ဒေါ်ဒေါ်တုတ်ကလည်း ဘာမှန်းလဲ မသိဘူး”

“ဩော်… အေး… အေး”

ဆုပြည့်ဦးက စူစူဆောင့်ဆောင့်ကြီး ပြောလိုက်မှ ဒေါ်ဒေါ်တုတ်လည်း နေရာမှ ချာခနဲ လှည့်၍ အလျင် အမြန် ထွက်ခွာသွားတော့သည်။

“ဟ င်း …စိတ်ညစ်လိုက်တာ ကျော်ကလည်း တစ်မှောင့် အချိန်ကလေး နည်းနည်းပေး ပါဆိုတာမရဘူး ဇွတ်အတင်းကြီးကို နားပူနားဆာ လုပ်နေတယ်၊ ငါ့ကို သိပ်လိုလား ကြည်ဖြူနေတဲ့ ကျော့်ကိုပဲ ငါ့ဘဝ အဖော်မွန်အဖြစ် ရွေးချယ်လိုက်ရင် ကောင်းလေမလား… ”

“ဒါပေမဲ့ ငါအလျင်စလို ဆုံးဖြတ်ချက်တော့ ချလို့ မဖြစ်သေးဘူး၊ ကိုကျော်ကလည်း ငါ့ကို နားလည်ဖို့ ကောင်းတယ်”

ဆုပြည့်ဦးသည် ကျော်ဇေယျာ့ကို အဖြေမပေးနိုင်သေးဘဲ အတွေးများ ရှုပ်ထွေး လျက်ရှိနေ၏။

မေ့ပစ်လိုက်ချင်သော်လည်း မေ့ပျောက်၍ မရနိုင်သော အကြောင်းများက သူ့ကို ဖိစီးနှိပ်စက်လာကြ ပြန်သဖြင့် ရင်မှာ လွန်စွာနာကျင်ရပြန်ပါ၏။

သူသည်၊ နှုတ်ခမ်းသားထောင့်စွန်းကလေးကို ဖိကိုက်ထားရင်း မျက်ဝန်းနှစ်ဖက်မှာ မျက်ရည်များ တစ်သွယ်သွယ် စီးကျ၍နေသည်။

အတန်ကြာမှ သူ့စိတ်ကို ကြိုးစား ထိန်းချုပ်ပြီး မျက်ရည်များကို သုတ်ချလိုက်သည်။

"ဆုပြည့်... "

သူ့ကို ဒေါ်ဒေါ်တုတ် လာခေါ်နေပြန်ပါပြီ...

"ဘာလဲ ဒေါ်ဒေါ်တုတ်၊ သူ... သူ ထပ်ခေါ်ပြန်ပြီလား"

မျက်ရည်စတွေကို ကပျာကယာသုတ်ပစ်ရင်း၊ ဒေါ်ဒေါ်တုတ်ကို သူမေးလိုက်သည်။

"မဟုတ်ပါဘူး၊ ညဥ့်လည်းနက်လှပြီ၊ ဆုပြည့် မအိပ်သေးဘူးလား"

"ခုပဲ အိပ်တော့မလို့... "

ဆုပြည့်ဦးသည်၊ အိမ်ထဲသို့ ပြန်ဝင်လာခဲ့၏။

ဒေါ်ဒေါ်တုတ်သည်၊ ကမန်းကတန်း လသာဆောင် အထွက်အဝင် တံခါးကို ဆွဲပိတ်လိုက် သည်။ ပြီးလျှင် ဆုပြည့်ဦး၏ နောက်သို့ ထက်ကြပ်မကွာလိုက်ပါလာခဲ့သည်။

ဆုပြည့်ဦးသည် သူ့အိပ်ခန်းဆီသို့ ရောက်သောအခါ ခုတင်စွန်းတွင် အသာဝင်ထိုင်ပြီး သူ့မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့် အုပ်ထားနေသဖြင့် ဆုပြည့်ဦး တစ်ယောက်ဘာတွေ ဖြစ်ပျက်နေသည်ကို သိချင်စိတ် များ ဒေါ်ဒေါ်တုတ်တွင် တားဆီးမရနိုင်အောင် ဖြစ်လာ၏။

သူသည်၊ ဆုပြည့်ဦးရှိရာသို့ ဝင်ခဲ့ပြီး ဆုပြည့်ဦး၏ ပခုံးကလေးနှစ်ဖက်ကို အသာဖွဖွ ဆုပ်ကိုင်လိုက်သည်။

ဆုပြည့်ဦးသည်၊ ဆတ်ခနဲ ဒေါ်ဒေါ်တုတ်၏ မျက်နှာကို ကြည့်လိုက်သည်။

မျက်ရည်စတွေနှင့် နီရဲမို့အစ်နေသော သူ့မျက်ဝန်းတစ်စုံကို ဒေါ်ဒေါ်တုတ် တွေ့ရှိလာသည်။

"ဘာတွေဖြစ်နေတာလဲဟင်... ဆုပြည့်၊ ဒေါ်ဒေါ်တုတ်ကိုလဲ ပြောပြပါဦးကွယ်"

"ဆု... ဆုပြည့် သိပ်စိတ်ညစ်နေတယ် ဒေါ်ဒေါ်တုတ်ရယ်"

"ဆုပြည့်စိတ်ညစ်တယ်၊ ထူးဆန်းလိုက်တာ၊ ဒီစကားမျိုး ဒီတစ်သက် ဒီတစ်ခါပဲ ကြားဖူးပါတယ်"

"စိတ်ညစ်စရာ မရှိတုန်းက မညစ်ဘူး၊ ခုရှိလို့ ညစ်တာပဲ၊ ဒေါ်ဒေါ်တုတ်က ဆန်းနေရပြန်ပါပြီ"

မကျေနပ်ဟန်ဖြင့် ဆုပြည့်ဦးက ပြောပြီး မျက်နှာကလေးကို တစ်ဖက်သို့ လွှဲဖယ်ထား လိုက်သည်။

"ဘာတွေများ စိတ်ညစ်နေတာလဲပြောပါဦး၊ ဒေါ်ဒေါ်တုတ် ဘာကူညီရမလဲဟင်"

"ဆုပြည့် ဒုက္ခကို ဘယ်သူမှမကယ်နိုင်ပါဘူး ဒေါ်ဒေါ်တုတ် ရယ်"

"ဘာလဲ မောင်ကျော်ဇေယျာကို ဆုပြည့်နဲ့ မောင်ဆွေမင်း အကြောင်း ပြောပြဖို့ခက်နေလို့လား"

"အို... သူ့အတွက် ဒီအကြောင်းက အကြောင်းမဟုတ်ပါဘူး၊ အကြောင်းမဟုတ်လို့လဲ ဆုပြည့် ဖွင့်ပြောမယ်ကြံတိုင်း အတိတ်ကို အစမဖော်နဲ့၊ အတိတ်က အကြောင်းအတိတ်မှာပဲ ထားလိုက်ပါ၊ ရှေ့ဆက်ရမယ့် ဆုပြည့်နဲ့ ကိုယ့်အကြောင်းကိုပဲ ပြောချင်တယ်လို့ သူက ပြောပြောနေတာပေါ့"

"ဒါ ဆို လဲ ဆုပြည့်ရယ်၊ ဘာတွေများ တောင်တောင်ဤဤတွေ စဉ်းစားနေတာလဲ၊ သူ့ကိုပဲ လက်သင့်ခံ လိုက်ရင် ပြီးတာပဲ၊ မောင်ဆွေမင်းကတော့ ဆုပြည့်ဘဝထဲ ပြန်ဝင်လာမယ့်လူမဟုတ်

တော့ပါဘူး၊ ခုပဲကြည့် ဆုပြည့်နဲ့ သူ ကင်းကွာသွားတာ သုံးနှစ် သုံးမိုးကြီးတောင် ရှိနေမှပဲဥစ္စာ”

“အဟင်း… သုံးနှစ်သုံးမိုးမကလို့ ဆယ်နှစ် ဆယ်မိုးပဲရှိရှိ… ကိုဆွေ့နာကြည်းချက်တွေက ကြေပျက်သွားမယ်လို့ ဒေါ်ဒေါ်တုတ် ထင်သလား၊ အဟင်း … ဟင်း… ဟင်း… ဝေးပါသေး တယ်ရှင်၊ သူ့က သူအသက်နဲ့ ခန္ဓာတည်နေသရွေ့ ဆုပြည့်ကို အနှောင်အဖွဲ့ ဖြေမပေးဘူးလို့ အံကြိတ်ပြီးကြုံးဝါးသွားတာ ဒေါ်ဒေါ်တုတ်က မတွေ့ခဲ့တာပဲ”

“ဟင်း… ”

ဒေါ်ဒေါ်တုတ်သည်၊ ရင်မောဟန်ဖြင့် ဆုပြည့်ဦးကို ကြည့်ပြီး ပင့်သက်ရှိုက်လိုက်သည်။

“သူနဲ့ ဆုပြည့် ဘယ်သူက မာနကြီးနိုင်မလဲ၊ စိတ်မှတ်ကြီးနိုင်မလဲ ဒေါ်ဒေါ်တုတ်ရယ်၊ ဆုပြည့်တဲ့ တစ်ပြည့်ပဲ ရှိတယ်၊ ထွေးပြီးသားတံထွေး ဘယ်တော့မှ ပြန်မျိုမချဘူးသိလား”

မအေ့ဝမ်းက ကျွတ်ပြီး အူဝဲဆိုကတည်းက သူ့လက်ပေါ်တွင် ကြီးခဲ့သော ဆုပြည့်ဦး၏ စိတ်နေစိတ်ထားကို သူ့ထက် ဘယ်သူများ ပိုသိနိုင်ပါဦးမည်နည်း။

လူမမည်အရွယ်ကလေးတွင် အမိမဲ့ခဲ့ရသဖြင့် သူ့ဖခင်သည်သူ့ကို မတရားအလိုလိုက်၊ အကြိုက်ဆောင်ပေးခဲ့သည်။

မျက်နှာမလေးတစ်ချက် အညိုးမခံဘဲ ဖူးဖူးမှုတ်ထားခဲ့သဖြင့် ဆုပြည့်ဦးသည် ဥစ္စာပေါ ရုပ်ချော၊ ကဲ… ကဲ… ဆတ် မာနခဲကလေးဖြစ်နေသည်မှာ ဆန်းတော့မဆန်းပါ။

*

သူ့ကို တွေဝေငေးမောစွာ ကြည့်နေသော ဒေါ်ဒေါ်တုတ်ဘက်ကို ဆုပြည့်ဦး၏ မျက်နှာကလေး ပြန်လှည့်လာသည်။

အလွန်ညှိုးလျှနေသည်ကို ဒေါ်ဒေါ်တုတ် တွေ့ရသည်။

"ပြောပါ ဆုပြည့်… "

"မကြာခင် ဆုပြည့်နဲ့ ဒေါ်ဒေါ်တုတ် ခွဲရတော့မှာ"

"ဟင်… ဘယ်လို ဘယ်လို ဆုပြည့်"

"ဆုပြည့်ရဲ့ စီးပွားရေးအခြေအနေက ထင်သလိုဖြစ်မလာလို့ ဒေါ်ဒေါ်တုတ်နဲ့ ဆုပြည့်ခွဲရတော့မယ်၊ ဆုပြည့်လုပ်ငန်းတွေ ပျက်စီးသွားပြီ၊ ဒီအိမ်ကြီးကိုလည်း ဆုပြည့် ပြန်မရွေးနိုင်တော့ဘူး၊ သူတို့ ထပ်ဆောင်းပေးမယ့် ငွေကိုယူပြီး ဆုပြည့်မြို့ထဲမှာ တိုက်ခန်းတစ်ခန်း ဝယ်နေရတော့မယ်"

"ဖြစ်မှဖြစ်ရလေ၊ ဘာကိုမှ စဉ်းစဉ်းစားစား မလုပ်ခဲ့ဘူးလား ဆုပြည့်ရယ်ဟင်… "

ရင်ထုမနာရှိလှဟန်ဖြင့် ဆုပြည့်ဦး၏ မျက်နှာကို ကြည့်ကာ ဒေါ်ဒေါ်တုတ်က ပြောလိုက်သည်။

"ဒါ ဆုပြည့်ကို အပြစ်တင်လိုက်တာပေါ့နော်… ဒေါ်ဒေါ်တုတ်၊ အဟင်း… သိပါတယ်၊ လုပ်တာကိုင်တာ တွေ ဖြစ်မလာရင် ဆုပြည့်ကိုအရင်ဆုံး အပြစ်တင် ရှုတ်ချမယ့်လူက ဒေါ်ဒေါ်တုတ်နဲ့ ကိုဆွေပဲဆိုတာ၊ ကဲပါလေ… ဒါတွေထားလိုက်ပါတော့၊ လမဆန်းခင် ဒေါ်ဒေါ်တုတ် ကြိုက်တဲ့နေရာကို ပြောင်းတော့၊ ရင်းနှီးစားသောက်ဖို့ ဆုပြည့်ငါးထောင်တော့၊ ပေးလိုက်မယ်၊ ရှေ့ဆက်ရမယ့် ခရီးက ကောင်းမကောင်းဆိုတာ အတပ်မပြောနိုင်သေးတော့

ဒေါ်ဒေါ်တုတ်ရဲ့တာဝန်ကို ဆုပြည့် ဆက်မယူနိုင်တော့ဘူး”

“ဆု ... ဆုပြည့်ရယ်၊ မြတ်သုခခြံကြီးနဲ့ အိမ်ကြီးကို နှမြောလှပါတယ်၊ ဒေဝီက ဆုပြည့်နဲ့ သိပ်ရင်းနှီးတဲ့ သူငယ်ချင်းပဲ၊ သူ့မိဘတွေကို သူပြောပေးရင် မရောင်းလို့ မဖြစ်နိုင်ဘူးလား”

“အဟင်း... ငွေရေး ကြေးရေးကိစ္စနဲ့ ခင်မင်တာက တခြားစီပဲ ဒေါ်ဒေါ်တုတ်၊ ဆုပြည့်ကလည်း လုံးဝအောက်ကျ မခံချင်ဘူး၊ ပစ္စည်းသခ်ါရ လူသခ်ါရပါဒေါ်ဒေါ်တုတ်ရယ်၊ တစ်နေ့မြတ်သုခ ထက်ကောင်းတာ ဆုပြည့်အတွက် ဖြစ်ချင်ဖြစ်လာမှာပေါ့”

ဆုပြည့်ကို ကြည့်ပြီး ဒေါ်ဒေါ်တုတ်သည် သူ့ဦးခေါင်းကိုလေးတွဲစွာယမ်းနေ၏။

“ကဲပါလေ... မနက်ကျမှ စကားဆက်ပြောတာပေါ့၊ ညဥ့်နက်နေပြီ၊ ဒေါ်ဒေါ်တုတ်သွားအိပ်ချည်တော့”

ဒေါ်ဒေါ်တုတ်လည်း ရင်မှာဆို့နင့်စွာဖြင့် ဆုပြည့်ဦး၏ အိပ်ခန်းမှ အသာလှည့်ထွက်ခဲ့သည်။

သူ့အိပ်ခန်းမှ ဒေါ်ဒေါ်တုတ် ထွက်ခွာသွားသည်နှင့် တစ်ပြိုင်နက် ဆုပြည့်ဦးသည် ခေါင်းအုံး တွင် မျက်နှာကလေးမှောက်ကပ်ကာ ချုပ်တည်းထားသော စိတ်များကို ဇက်ကြိုး လွှတ်ပေး၍ ကျောကလေး သိမ့်သိမ့်ခါအောင် ငိုကြွေးနေမိတော့သည်။

သည်မျက်ရည်များက သူ၏ပြုမှားခဲ့သော အပြစ်များကို ဆေးကြောပစ်နိုင်ပါမည်လား။

ဆုပြည့်မထင်ပါ။

*

(၂)

တကယ်တော့ သူဟာအပြစ်တင်ထိုက်သူပါ။

သူတစ်ပါးထံမှ ဝန်ခံဖို့ရှိနေပေမယ့် ကိုယ့်ကိုယ်ကိုယ်တော့ ဝန်ခံနေမိဖြစ်သည်။

သိမ့်သိမ့်ခါနေသော ကျောကလေး ငြိမ်ကျသွားကာ နင့်နင့်နဲနဲ ရှိုက်သံများ တစ်စတစ်စ ပျောက်ကွယ် သွားသည့်အခါတွင် ဆုပြည့်ဦး၏စိတ်သည် ပစ္စုပ္ပန်ကို ကျောခိုင်းကာ အတိတ်ဆီသို့ ရွေ့လျားသွားလေပြီ ဖြစ်သည်။

သူ မေ့ပျောက်၍မရသော နေ့တစ်နေ့။

သုံးနှစ်သုံးမိုးဆိုသည့်အချိန်များ ကုန်လွန်ခဲ့သော်လည်း သူ မှတ်ဉာဏ်တွင် စွဲစွဲထင်ထင် ကျန်ရစ်လေသော နေ့တစ်နေ့။

သူငယ်ချင်းမဒေဝီ၏ အစ်ကိုသဘော်သား ပို့ပေးလိုက်သော ကားကလေးကို လိုချင်လွန်း၍ ဖခင်ဖြစ် သူကို နားပူနားဆာလုပ်ဖို့ ဖခင်ဖြစ်သူ၏ ရုံးခန်းရှိရာသို့ ကမူးရှူးထိုး သူရောက်လာခဲ့ပါသည်။

"ဟော့… ဟော့… အထဲမှာ လူကြီးတွေ စကားပြောနေတယ်၊ မင်းမဝင်နဲ့ဦး"

ရုံးခန်းတံခါးကို ဖွင့်မည်ပြုလိုက်သော ဆုပြည့်ဦး၏ရှေ့တွင် တစ်စုံတစ်ဦးက ဝင်ရပ်ပြီး တားလိုက်သည်။

မျက်နှာထား တည်တည်ကြီးဖြင့် ပြောလိုက်သော ထိုလူကို ဆတ်ခနဲ မော့ကြည့်လိုက်သော ဆုပြည့်ဦး၏ မျက်နှာသည် မှုန်တင်း၍နေပါ၏။

"ရှင်ဘယ်သူလဲ၊ ဦးမျိုးခန့်ရဲ့သမီး ဆုပြည့်ဦးဆိုတာကို မသိဘူးလားဟင်"

"ဒါတွေဘာတွေ တို့မသိဘူး၊ တို့သိတာက စည်းကမ်းတစ်ခုပဲ၊ မင်းဟိုမှာ ခဏထိုင်နေလိုက်၊ ဧည့်သည်တွေ ခုပဲ ပြန်တော့မှာ"

"မထိုင်ဘူး၊ ဘာဖြစ်လဲ"

"မထိုင်လည်းရပ်နေကွာ"

"ဟွန်း... သူ့ကိုသူ ဘာကောင်းကြီးများ မှတ်နေသလဲ မသိဘူး"

"မင်းမိုက်ရိုင်းလှချည့်လား၊ ဦးမျိုးခန့်ရဲ့ သမီးအရင်းမှဟုတ်ရဲ့လား မသိဘူး"

"ဘာပြောတယ်"

ဆုပြည့်ဦး၏လက်က လေတွင်ပျံတက်လာ၏။ ဆွေမင်း၏ လျင်မြန်ဖျတ်လက်သော လက်က ဆုပြည့် ဦး၏ လက်ကောက်ဝတ်ကို မြဲမြံစွာ ဖမ်းဆီးထားလိုက်သည်။

"လွှတ်... သူများလက်ကိုလွှတ်"

"ဟော့ ဟော့... ဘာတွေဖြစ်နေတာလဲ၊ ဆုပြည့်ဦးပါလား မောင်ဆွေမင်း၊ ဒါ... ဒါ ... ဆရာဦးမျိုးခန့်ရဲ့ သမီးလေးလေ... "

"သိတယ်ဦးဖေကြိုင်၊ ဦးအခန်းထဲမဝင်ဖို့ ပြောနေတာကို သူကကျွန်တော့်ကို ရန်လုပ်နေတယ်ဗျ"

ဆုပြည့်ဦး၏လက်ကို တွန်းလွှတ်လိုက်ပြီး ဆွေမင်းက

ပြောလိုက်ပါသည်။

"ခဏလေးပါသမီးရယ်၊ ခုပဲ သူတို့ထွက်လာကြတော့မှာပါ"

ဆုပြည့်ဦးသည် နာကျင်၍ နီရဲနေသော သူ့လက်ကောက်ဝတ်ကလေးကို အသာလက်ဖြင့် တဖိဖိလုပ်ရင်း ခက်ထန်စူးရဲလှသော မျက်ဝန်းဖြင့် ဆွေမင်း၏မျက်နှာကို ကြည့်လိုက်သည်။

သူ၏ ပြည့်ပြည့်ဖူးဖူး ရှိလှသော နှုတ်ခမ်းကလေးက တစ်စုံတစ်ခုပြောမည့်ဟန် ပြုလိုက်စဉ် ဦးမျိုးခန့်၏ ရုံးခန်းတံခါးပွင့်လာပြီး အတွင်းမှ အမျိုးသားကြီး သုံးလေးဦးနှင့်အတူ ဦးမျိုးခန့်ထွက်လာသည်။

ဆုပြည့်ဦးသည် သူမနှင့်မျက်နှာစိမ်းသော၊ ပါဝါပြသူကို မျက်စောင်းကလေးထိုးပြီး သူ့ဖခင်၏လက်မောင်းကို အပြေးကလေးသွား၍ ဖက်လိုက်သည်။

"ဟော... သမီးကလေး ရောက်နေတာကိုး"

သမီးဖြစ်သူ၏ လက်ကလေးကို သူ့လက်ဖြင့် ဖိအုပ်ထားပြီး ဧည့်သည်များနှင့် သူ့သမီးငယ်ကို ဦးမျိုးခန့်က မိတ်ဆက်ပေးလိုက်သည်။

"ဒါ ကျွန်တော့် သမီးလေးဗျ"

"ဦးမျိုးခန့်သမီးလေးက အချောအလှလေးပဲ၊ အိမ်ကအမျိုးသမီးတွေ့ရင်တော့ ချွေးမတော်ချင်မှာ သေချာတယ်"

ဦးမျိုးခန့်က တဟားဟားရယ်လိုက်သည်။

ဆုပြည့်ဦးမှာတော့ ရှက်သွေးတွေကြွယ်ကာ မျက်နှာကလေး ငုံ့ကျသွား၏။

“ဦးဘသင်ကလည်း ကလေးမလေးရှက်သွားရှာပြီ”

“စိတ်မဆိုးနဲ့နော်၊ အန်ကယ်က သမီးကိုချစ်လို့စတာပါ၊ ကဲ... ကျွန်တော်တို့ကို ခွင့်ပြုပါဦး ဦးမျိုးခန့်”

“ကောင်းပါပြီဗျာ၊ ကောင်းပါပြီ”

ဧည့်သည်များ ရုံးခန်းပေါ်မှ ဆင်းသွားကြသည်။

“သမီးလေး ဘယ်တုန်းက ရောက်သလဲ”

“သိပ်မကြာသေးပါဘူး”

“မောင်ဆွေမင်း... ဒါ... ဦး သမီးလေ၊ နာမည်က ဆုပြည့်ဦးတဲ့၊ သမီး မောင်ဆွေမင်းက ဦးညွန့်သွင် နေရာကို မနေ့ကမှ ဝင်လာတဲ့ သူလေ၊ ဖေဖေတို့ရဲ့ အဝယ်တော် လက်သစ်ကလေး လေ”

ဆုပြည့်ဦးသည် ချစ်စရာကောင်းလှသောသူ့ မျက်နှာကလေးကိုမဲ့ကာအုပ်ချုပ်ရေးအရာရှိ အသစ်စက်စက်ကြီး ကြည့်လိုက်သည်။

စောစောက တည်လွန်းနေသော ဆွေမင်း၏မျက်နှာသည် ပြုံးစစအသွင်သို့ ရှိနေပါ၏။

“ဦးက ဘယ်သူမှ အထဲကို မဝင်စေနဲ့ဆိုလို့ ကျွန်တော်က တားတာ သူက ဒေါကန်သွားတယ်”

“ဟုတ်လား သမီး၊ သမီးက ဒီလို မလုပ်ရဘူးလေ၊ စည်းကမ်းကစည်းကမ်းပဲ... ပေါ့၊ ကဲ... ဆိုစမ်း လာရတဲ့ကိစ္စကို”

“ဒီမှာ လာကြည့်”

ရုံးခန်းမှ လမ်းပေါ်သို့ မြင်ရသော ပြတင်းပေါက်ဆီသို့ ဆုပြည့်ဦးက သူ့ဖခင်၏ လက်မောင်းကို ဆွဲကာ ခေါ်ယူသွားသည်။

“ဘာလဲ သမီးရဲ့”

“ဟိုမှာတွေ့လား ကားအဖြူလေးလေ ဒေဝီရဲ့အစ်ကို ပို့ပေးလိုက်တာ မနေ့ကပဲ ဆိပ်ကမ်းက ထုတ်လာတာ ဖေဖေရဲ့ သမီး ဒေဝီ့ဆီက ဗိုလ်ကျယူလာတာ”

“ဟာ... ဒီလိုမလုပ်ရဘူးလေ သမီးလေးရဲ့၊ သူ့ကား အသစ်စက်စက်ကြီးကို သူများ ကိုင်တာ ကြိုက်ချင်မှ ကြိုက်မှာ”

“သမီးက ငှားစီးလာတာ မဟုတ်ဘူး၊ အပြတ်ဗိုလ်ကျလာတာ သမီးကိုယ်ပိုင် လိုချင်လို့လေ ပေး သမီးကို ခြောက်သိန်း”

ဖခင်၏ ရှေ့သို့ လက်ဝါးကလေးဖြန့်၍ ထိုးလိုက်သည်။ ဦးမျိုးခန့်သည် နောက်စေ့ကိုကုတ်ရင်း သမီးဖြစ် သူ၏ မျက်နှာကို ကြည့်နေ၏။

“ဟင်... ဘာကြည့်နေတာလဲ ဝယ်မယ်လေ ပိုက်ဆံပေး”

“ခဏလောက်စောင့်ပါဦးလား သမီးလေးရယ် ဖေဖေ့မှာ အလုပ်ကိစ္စတွေ ခုတင်ပဲ စီစဉ်လိုက်လို့”

“ဟင့်အင်း... ဟင့်အင်း... ခဏ မစောင့်နိုင်ဘူး၊ ဒေဝီတို့က ဈေးကောင်းရရင် ရောင်းပစ် လိုက်မှာ ဖေဖေကြီးရဲ့”

ဖခင်ဖြစ်သူ၏ လက်မောင်းကို ဆွဲလှုပ်၍ ကလေးဆိုးကြီးကဲ့သို့ ဆုပြည့်ဦးက လုပ်နေ၏။

စားပွဲတွင် ထိုင်၍ ဖိုင်တစ်ဖိုင်ကို စစ်ဆေးနေသော ဆွေမင်းသည် အလိုက်ကမ်းဆိုးမသိ တတ်သော ဆုပြည့်ဦးကို ထားဝယ်ကြိမ်လုံး ကလေးဖြင့်ခပ်စပ်စပ် ရိုက်ပစ်ချင်စိတ်ဖြစ်ပေါ်နေ၏။ ချော့၍ ခြောက်၍မရသော ကိုယ့်သမီးလေးအကြောင်းကိုယ်ကောင်းကောင်း သိနေသော ဦးမျိုးခန့်သည်၊ ဦးနှောက်ထဲတွင် အပြေးအလွှား အကြံထုတ်ပြီး၊ သူ၏အုပ်ချုပ်ရေးအရာရှိ ဆွေမင်း၏ မျက်နှာကို လှမ်းကြည့်လိုက်သည်။

"မောင်ဆွေမင်းရေ ဦးကို ကူညီစမ်းပါဦး"

"ဟုတ်ကဲ့ ပြောပါဦး"

"အိမ်က သမီးရဲ့ကားကလေးကို ထုတ်ပေးနိုင်မလား"

"ရပါတယ်၊ ဦး၊ ကျွန်တော့်မိတ်ဆွေ ကားပွဲစားတစ်ဦးရှိပါတယ်၊ ဆက်သွယ်လိုက်ပါ့မယ်၊ ကားက ဘာမော်ဒယ်လဲ ဘာအမျိုးအစားလဲ ခင်ဗျာ"

"1.5. အက်(စ် )အီး ဆလွန်းပါ၊ မော်ဒယ်ကတော့ အိပ်တီတူး ပစ္စည်းစုံ၊ အရောင်က အဖြူ၊ ကားဘော်ဒီ သန့်တယ်၊ အင်ဂျင်ကောင်းတယ်၊ တာရာလေးလုံးစလုံးလဲထားတာ ခြောက်လပဲ ရှိသေးတယ်"

"ပြည့်စုံပါပြီဦး၊ ကျွန်တော်အခုပဲ သူ့ကို ဆက်သွယ်လိုက်ပါ့မယ်"

ဆွေမင်းက သူ့ရှေ့စားပွဲပေါ်မှ တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။

"ကဲ သမီးပြန်တော့၊ ဖေဖေ့မှာ အရေးကြီးတဲ့ အလုပ် လုပ်စရာရှိနေတယ်၊ သမီး ကားကိစ္စကို ဒီညနေ အပြတ်

ဖေဖေရှင်းပေးမယ်၊ ဟုတ်ပြီလား”

“ရှတ်”

“ဒါကြောင့် ဖေဖေကြီးကို ချစ်ရတာ”

အလိုပြည့်သွားသဖြင့် ဆုပြည့်ဦးသည် ဖခင်၏ပါးကိုရှုတ်ခနဲ အသံထွက်အောင် နမ်းပြီး ဆုပြည့်ဦးသည် ရုံးခန်းအတွင်းမှ အပြေးကလေး ထွက်ခွာသွား၏။

“အဲဒါသာ ကြည့်တော့၊ ဦးမှာလည်း ဒီသမီးဆိုးကလေး တစ်ကောင်နဲ့ သိပ်မလွယ်လှဘူး၊ အစကတည်းက ဦးကအလိုလိုက်ထားမိတာကိုး မောင်ဆွေမင်းရဲ့”

ဦးမျိုးခန့်သည် သူ့စကားဆုံးသည်နှင့် သူ့ရုံးခန်းထဲသို့ ဝင်သွားသည်။

*